
ဒသဖြစ်သွားသော LESBIAN
ဂျူး
Gay
LESBIAN

# Gay လောကနှင့်

# LESBIAN လောကတို့၏

# အားပြိုင်မှု

# ဂျင့်

# ဤဝတ္ထုမှ အမှတ်တရ စာစုများ

၁။ လူကြီးကတော် ရဲ့ ထဘီနဲ့အဆင်မတူရဘူးလို့ ဘယ်ပုဒ်မ ဥပဒေက ထုတ်ထားလို့လဲ၊ အဲဒီ လာပြောတဲ့လူကြီးပီအေရဲ့ ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်ချင်တယ်။ ( အခန်း - ၁) ၂။ သြော် ... ထပ်ကြားချင်လား၊ ဟုတ်တယ်လေ၊ မိန်းမမဟုတ်၊ ယောကျာ်းမဟုတ် မိန်းကလေးတွေ ကို လုညှိစားနေတဲ့ ပိုင်းလုံးမ၊ မိန်းမယုတ်ကြီး Lesbian ရဲ့ ... ဖြန်း... ။ (အခန်း- ၂) ၃။ သြော်... မင်းတို့ ခေတ် ဆို၊ က၊ ရေး ၊ တီးပြိုင်ပွဲမှာ သီချင်းဆယ်ပုဒ် ဆိုတတ်ရင် ပညာရှင် ဖြစ်ပြီကိုး။ (အခန်း -၃) ၄။ ကလောင်သစ်၊ ကလောင်ဟောင်းတွေ ရဲ့ အရေး အသားကို တည်းဖြတ် နိုင်လောက်အောင် အယ်ဒီတာအသစ်တွေ က ဘယ်လောက်များ တော် နေလို့လဲ။ (အခန်း-၄) ၅။ "မင်းသားက... အကယ်ဒမီမရသေးဘူးနော်" လို့ မေးမိတာနဲ့ ကံကောင်းလို့ အထိုးခံရတော့မလို့၊ ခင်သီတာထွန်းက ဆွဲခေါ်သွားလို့ သက်သာသွားတာ။ (အခန်း-၅) ၆။ (KTV)မှ ကလေးမလေးက "ဒါနဲ့ အစ်ကိုတို့က သီချင်းတွေ ချည်းပဲ ဆိုနေမှာ လားဟင်"။ (အခန်း-၆) ၇။ အဲသလိုပက်ပုန်းမှာ ရက်ရက်စက်စက် အရှက်မဲ့ ပြကွက်ကို သရုပ်ဆောင်တဲ့ သူတွေ ဟာ မြန်မာနိုင်ငံသားတွေ ဆိုတော့... အဲဒီ ပြကွက်ကို အိမ်ရှင်ထိုင်းနိုင်ငံသားတွေ တောင် မကြည့်ဘူး။ (အခန်း-၇) ၈။ "များ တို့စားတာက ရန်ကုန်က သီးမွှေးငှက်ပျော၊ ရွှေငှက်ပျော၊

ခြောက်လက်မ ရှစ်လက်မ လောက်ရှည်တဲ့ ငှက်ပျောသီးမှ စားတာ၊ မွန်ပြည်နယ်က သုံးလက်မလောက်ရှိတဲ့ ဝက်မလွတ်၊ မစဉ်းစားဘူး”။ (အခန်း-၈) ၉။ သားက မိန်းမလျာ ဖြစ်လို့ အဖေလုပ်သူက ရှက်ပြီး သူကိုယ်သူ သတ်သေတယ်၊ ဘုရား... ဘုရား။ (အခန်း-၉) ၁၀။ ခင်သီတာထွန်းကို မကောင်းကြံတဲ့ ဝါဝါဝင်းရွှေလေ၊ ထောင်ထဲမှာ ရူးသွားတယ် မဟုတ်လား။ (အခန်း-၁၀) ၁၁။ မေချိုကို ဘယ်သူမှ မချစ်ရဘူး၊ မေချိုအနားမှာ ရှိတဲ့သူဟာ ငါ့ရန်သူပဲ။ (အခန်း-၁၁) ၁၂။ အေး... နင်ကငါ့ကို Lesbian လို့ပြောတယ်၊ အေး... ချစ်မင်းသူရ နင်မြဲမြဲမှတ်ထား၊ နင့်ရဲ့ ဇနီးလောင်းကို ငါရအောင်ယူ ပြမယ်။ (အခန်း-၁၂) ၁၃။ သွားပြီ၊ ငါ့ဘဝတော့သွားပြီဟု တွေ းလိုက်မိသည်နှင့် တစ်ပြိုင်နက် မျက်ရည်များ က ပိုးပိုးပေါက်ပေါက် ကျလာသည်။ (အခန်း၁၃) ၁၄။ ပါးစပ်ကဆရာ၊ ဆရာ၊ ညကျရင် လင်မယား ဖြစ်နေတာ လူတိုင်းသိတယ်။ (အခန်း-၁၄)

၁၅။ ရေး သူသက်သေမရှိသော “ ဒိုင်ယာရီ” ၏ ဖြောင့်ချက်။ (အခန်း-၁၅)

- သည်ဝတ္ထုကို အခန်း(၁၅)ခန်း ခွဲထားပါတယ်။ တစ်ခန်းမှာ တစ်ကွက်လောက် ကျန်ရင်ရေး ရကျိုး နပ်ပါပြီ။

( ဝေဖန်အကြံပြုချက်များ ကို အစဉ်လက်ခံနေတဲ့ - ဂျင့် )

♥ ♥ ♥

# စာရေး သူ၏ ဝန်ခံချက်

စာရေး သူ၏ ပထမစာအုပ် ဖြစ်သော "ကတ္တားနှင့် ကံ ကြားမှ ကြိယာရိုင်းများ " စာအုပ်သည် အထိုက်အလျောက် စာဖတ်သူတို့၏ အားပေးမှု ကို ရရှိခဲ့ပါသည်။ စာဖတ်သူများ က ထိုဝတ္ထု၏ အဆက်ကို ထပ်မံ၍ ရေး သားစေချင်ကြပါသည်။ Gay လောကကိုသိရှိပြီးနောက် Lesbian ၏ အကြောင်းကိုပါ ရေး သားရန် အကြံဉာဏ်များ ပေးလာသဖြင့် ယခုကဲ့သို့ Gay နှင့် Lesbian နောက်ခံ ဝတ္ထုအား ထပ်မံရေး သားခြင်း ဖြစ်ပါသည်။

စာရေး သူသည် သုတရသစာပေများ ကို ရေး သားရန် အထုံဝါသနာပါသူ ဖြစ်ပါသည်။ ကတ္တားစာအုပ် ထွက်ပြီးနောက် "အောင်ဇေယျ-၄၆" ဟူသော အလောင်းမင်းတရား၏ သက်တော် (၄၆)နှစ် အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းနောက်ခံဝတ္ထု ကို ထပ်မံရေး သားခဲ့ရာတွင် လည်း ပရိသတ်အချို့ ၏ အသိအမှတ်ပြုမှု ကို ရရှိခဲ့ပါသည်။

ဤ"ဒသ ဖြစ်သွားသော Lesbian" ဝတ္ထုသည် စာရေး သူ၏ စိတ်ကူးနှင့် ပြင်ပတွင် ဖြစ်ပျက်နေသော အကြောင်းအရာများ ကို ဇာတ်လမ်းဆင်၍ ရေး ဖွဲ့ထားခြင်း ဖြစ်ပါသည်။ မည် သူ့ကိုမှ မရည်ရွယ်ပါ။ တိုက်ဆိုင်မှု များ ရှိခဲ့သော် ခွင့်လွှတ်စေချင်ပါသည်။

စာရေး သူသည် မိမိကိုယ်ကိုယ် သေကြောင်း ကြံစည်ချင်သူများ အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေတင်ပြထားသော "ဆွဲသူမဲ့ က နေသော ရုပ်သေးများ " ဝတ္ထုနှင့် ဇွဲကပင် ဆံတော် ရှင် ဘုရားသမိုင်း၊ ကရင်မင်းဆက်များ သမိုင်းကို အထူးသုတေသနပြုစု ရေး သားထားသော "ဇွဲကပင် သမိုင်းထဲမှ ဒဏ္ဍာရီ အချစ်ဇာတ်လမ်း" ကို အချိန်ယူရေး သားလျက် (၂၀၁၅) ခုနှစ် တွင် ထုတ်ဝေနိုင်ရန် ကြိုး စားနေသော် လည်း ယခုအချိန်အထိ ကြန့်ကြာနေဆဲ ရှိနေကြောင်းနှင့် ထွက်ရှိပါက အားပေးကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

အားပေးဖတ်ရှုသူများ အထူးကျေးဇူးတင်လျက်

ဂျင့်

♥ ♥ ♥

# အခန်း(၁)

မြန်မာနိုင်ငံ၏ အထင်ကရနာမည် အကြီးဆုံး ဖြစ်သော ဆီဒိုးနားဟိုတယ်၏ ခမ်းနား ကြီးကျယ် လှပလွန်းသည့် မင်္ဂလာခန်းမဆောင်၏ မင်္ဂလာစင်မြင့်ထက်တွင် လင်းလက်လှပနေသည့် ရောင် စုံနှင်းဆီပန်းများ ဖြင့် မင်္ဂလာမောင်နှံ၏ အမည် ကို ပန်းပေါင်းစွာ ဖြင့် လှပစွာ သရုပ်ဖော်ထားသည်။ ထပ်ဆင့်အကယ်ဒမီ ချစ်မင်းသူရ နှင့် မမေချို တို့၏ မင်္ဂလာဧည့်ခံပွဲ (၂၂.၁၀.၂၀၁၂) ဆီဒိုးနားဟိုတယ်ဟူသော စာတန်းကြီးက မီးရောင် စုံများ အောက်တွင် ထင်းထင်းကြီးပေါ်လွင်၍ နေသည်။

အလျားပေ ၄၀၊ အနံ ၂၀ပေ ခန့်ရှိသော စင်မြင့်နောက်ခံကို အဝါနု ရောင် ယိုးဒယား နှင်းဆီပန်းများ ဖြင့် တန်ဆာဆင်ထားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး သင်းပျံ့မွှေးကြိုင်၍ နေသည်။ သတို့သားနှင့် သတို့သမီး၏ အမည် များ ကို တရုတ်နှင်းဆီရဲရဲများ ဖြင့် အလှဆင်ထားသဖြင့် အဝါနုရောင် နှင်းဆီနံရံထဲတွင် ထင်းခနဲရှင်းရှင်းကြီးမြင်တွေ့ရမည် ဖြစ်သည်။

နှင်းဆီနံရံထဲတွင် အဝါနုရောင် ၊ အဝါရင့်ရောင် ၊ အသားရောင် ၊ ဆင်စွယ်ရောင် ၊ ကရမက်ရောင် ၊ နံ့သာရောင်၊ အဖြူရောင် နှင်းဆီပန်းများ ကို သတို့သားပုံနှင့် သတို့သမီး အသွင် ပုံဖော်ထား၍ မြင်ရသူ တို့ ရင်သပ် ရှုမော ဖြစ်ခဲ့ရသည်။ နှင်းဆီပုံရိပ်များ ကြားတွင် သတို့သား သတို့သမီး၏ နာမည် က ရှင်းရှင်းလင်းလင်းနှင့် လှပ၍ နေသည်။

လေညှင်းရောင် ၊ ချောကလက်ရောင် ၊ နီညိုရောင် နှင်းဆီပန်း အစစ်များ ကိုသာ အသုံးပြုပြီး ကနုတ်ပန်းသဏ္ဍာန် အနားကွပ်ထား၍ နှင်းဆီပန်းခင်းထဲမှ မြူး ပျော်နေသော ဇနီးမောင်နှံ၏ ပုံသဏ္ဍာန်မှာ ပန်းချီပုံရိပ်တစ်ခုကဲ့သို့ ဖြစ်၍ နေသည်။ ဆိုက်စုံနှင်းဆီပန်းများ အနက် နှင်းဆီအပွင့် သေးသေး၊ နှင်းဆီအပွင့်ကြီးကြီး၊ အချပ်အချပ်လိုက် ပွင့်အာနေသော နှင်းဆီပန်းတံတိုင်း၊ ပန်းချီကားချပ်ကြီး တစ်ချပ်ကိုကြည့်၍ မင်္ဂလာပွဲသို့ ကြွရောက်လာသော ပရိသတ်အပေါင်းသည် အာစေးမိထားသကဲ့သို့ မျက်တောင်မခတ် ငေးကြည့်၍ နေကြသည်။

"လှလိုက်တာနော် လှလိုက်တာမှ ရက်ရက်စက်စက်ကိုလှတာ … တွေ

းတတ်လိုက်တာ၊ ဒီလို အရောင် အသွေး၊ အရွယ်အစားလှပတဲ့ နှင်းဆီပန်းတွေ ကို ဘယ်နိုင်ငံကများ မှာ ယူလိုက်ပါလိမ့်၊ တို့ မြန်မာနိုင်ငံမှာ တော့ မရှိဘူးထင်တယ်" စင်မြင့်နောက်ခံ မင်္ဂလာနှင်းဆီပန်းချီကားချပ်ကြီးကို ကြည့်ပြီး အမျိုး သမီးတစ်ဦးက မှတ်ချက်ပေးလိုက် သည်။

"အဲ့မယ်... နိုင်ငံကို အထင်သေးလိုက်တာ၊ ဟောဒီနောက်ခံ နှင်းဆီအားလုံးက မြန်မာပြည်က ထွက်တဲ့ နှင်းဆီတွေ ပါ၊ ဒါပေမဲ့ ပြင်သစ်နှင်းဆီ၊ အမေရိကန်နှင်းဆီစျ အီတလီ၊ ဂျပန်၊ တရုတ်နှင်းဆီ တော့ပါတာပေါ့၊ ဒါပေမဲ့အားလုံးဟာ မြန်မာနိုင်ငံက စိုက်တာလေ၊ တချို့ ကျတော့ နေရောင် အနည်းငယ်၊ လေဝင်ပေါက်များများ ၊ အဲယားကွန်းလွှတ်ထားတဲ့ အခန်းမှာ စိုက်တယ်လေ၊ ဒါကြောင့် အထားခံပြီးလှနေတာပေါ့၊ ပန်းအသားကထူပြီး နူးညံ့ပြီးအထားလည်ခံတယ်လေ၊ ပြီး... မွှေးလည်းအရမ်းကိုမွှေးတယ်"

"ဘုရား... ရေ၊ အဲယားကွန်းတောင်ပေးရတယ်ဆိုတော့ တော် တော် ဈေးကြီးမှာ ပေါ့"

"ကြီးဆို ဒီနှင်းဆီနောက်ခံဘက်ဂရောင် းမှာ နှင်းဆီပွင့်ပေါင်းနှစ်သော င်းလောက်ပါတယ်၊ သတို့သား သတို့သမီးဘက်က မိဘတွေ က နောက်ခံစာလုံးကို ပန်းပွင့်နဲ့ပဲ သရုပ်ဖော်ချင်တယ်ဆိုလို့ စာလုံးလေးတွေ ပိုပေါ်လာအောင် အနီရောင် နောက်ခံအနောက်ကနေ ချောကလက်ရောင် နှင်းဆီပန်း သေးသေးလေးတွေ နဲ့ ပံ့ပိုးထားရတယ်လေ၊ ဟင်း ဟင်း ဒေစီ့ အိုင်ဒီယာလေ"

"ဒါနဲ့ ချောက်လက်ရောင် နှင်းဆီက မြန်မာနိုင်ငံမှာ ရလို့လား"

"ရတယ် မေမြို့ နဲ့ ရန်ကုန်က အထူးသီးသန့် နှင်းဆီခြံတွေ က ရတယ်"

"ဒါနဲ့ ဒီပန်းစင်မြင့်ကို ဒေစီမိုးမိုးကပြင်ထားတာလား"

"ဟုတ်တာပေါ့ အန်တီရယ်... ဒီပွဲကြီးတစ်ပွဲလုံးက ဒေစီမိုးမိုးကပဲ တာဝန်ယူ ပြင်ဆင်ပေး တာလေ" ပန်းအလှပြင်ဆရာ ဟိုမရောက် ဒီမရောက် ဒေစီမိုးမိုးက ဂုဏ်ယူဝင့်ကြွားစွာ ပြုံး လိုက်သည်။ ပြီးမှ ဆံပင်ကို တစ်ချက်သတ်ကာ ခါလိုက်သဖြင့်

ရွှေဝါရောင် ကုပ်ဝဲဆံပင်များ လေထဲတွင် ဝဲပျံ့ဝေ့ယမ်းသွားသည်။ ပြီးမှ စိုတိုတိုနူတ်ခမ်းလေးဖြင့် ...

"အန်တီသိအောင်ပြောရဦးမယ် ဟောဒီခန်းမထဲမှာ ရှိတဲ့ ရွှေအိုရောင် နှင်းဆီတွေ ၊ စားပွဲ ပန်းအိုးပေါ်က နှင်းဆီတွေ ၊ လေ့ကားအတက်အဆင်းပေါ်က နှင်းဆီတွေ အားလုံး အပွင့်တစ်သိန်းခွဲ ရှိတယ်" အန်တီဆိုသူမှာ မျက်လုံးပြူး သွားပြီး ...

"အံ့ပါ့ရှင် ... နှင်းဆီပန်းအပွင့်တစ်သိန်းခွဲတောင် ဘုရား၊ ဘုရား ဒီလိုရွှေအိုရောင် အရောင် ဆင်တူ တစ်သိန်းကျော်ကို ဘယ်လိုလုပ်ပြီးရှာလာသလဲကွယ်" မျက်တောင်ကိုလိုင်နာတောင့်ဖြင့် ကော့နေသော ဒေစီမိုးမိုးက မျက်တောင်ကပ်ပြီး "အလွယ်လေးပါ ဒါတော့် လျှို့ ဝှက်ထား ရမယ်လေ၊ ဟောဒီခန်းမအဝင်နဲ့ မင်္ဂလာခန်းမမှာ ရေခဲရုပ်တုလေးတွေ ကို တွေ့ခဲ့တယ်မဟုတ်လား၊ သတို့သားနဲ့ သတို့သမီးစုံတွဲ ရေခဲရုပ်တုက(၃)စုံ၊ ပြီး ကျန်တဲ့ ရေခဲပန်းပုတွေ က ကျက်သရေ မင်္ဂလာနဲ့ ပြည့်ဝတဲ့ ရွှေနန်းတော်၊ မြန်မာ့ဆိုင်းဝိုင်း၊ မင်းသား၊ မင်းသမီးရေခဲရုပ်တွေ အထဲမှာ ဆေးရောင် စုံ မီးလေးတွေ ထွန်းထားတာတွေ့တယ်မဟုတ်လား၊ ပြီး သူတို့ မင်္ဂလာမောင်နှံ ဓာတ်ပုံကိုလည်း ရေခဲရုတ်တုထဲမှာ ထည့်ပြီး Lighting ပေးထားတယ်လေ၊ တရုတ်နိုင်ငံက ရေခဲရုပ်တု ပညာရှင်တွေ ကို ခေါ်ထားတာလေ၊ သုံးနာရီအာမခံတယ်၊ ဒီပွဲအတွက် ပန်းနဲ့ ပြင်ဆင်ခတင်သိန်း (၆၀) ကုန်တယ်၊ ဒေစီမိုးမိုးတို့ ကြိုး စားပန်းစားပြင်ထားတာဆိုတော့ လိုက်ကြည့်လိုက်ပါဦး၊ အဆန်းတကာ့ အဆန်းတွေ ကိုထွင်ထားတာ၊ ကဲသွားလိုက်ဦးမယ်နော်" လည်စလုပ်ကြိုးကို ဇာပါးပါးဖြင့် ချည်နှောင်ထားသော လန်ဘားမဒေစီမိုးမိုးသည် မရှိမဲ့ရှိမဲ့ တင်လေးကို ပစ်ခါ၍ ကော့လန်ကော့လန်နှင့် ခန်းမအပြင်သို့ ထွက်ခွာသွားသည်။

အလွန်လှပသားနားသော ခန်းမကြီး ဖြစ်သဖြင့် မင်္ဂလာပွဲသို့ ရောက်လာသူအပေါင်းတို့သည် ခန်းမအပြင်အဆင်ကို ကြည့်ပြီ ထိုင်ရန်ပင်မေ့နေသည်။ ခန်းမကြီးကိုတစ်ပတ်လှည့်၍ ကြည့်လိုက်မိသူ ချည်း ဖြစ်သည်။ ခန်းမဆောင်မျက်နှာကျက်မှ တွဲ လျားချထားသော မီးဆိုင်းကြီးများ ကို ဆုံလည်နည်းဖြင့် လှည့်ပတ်စေကာ

အရပ်မျက်နှာပေါင်းစုံမှ စပေါ့လိုက်များ ဖြင့် ထိုးထားချိန်တွင် တိမ်တုများ ကို လေအေးစက်ပိုက်များ မှ လွှတ်ထုတ်လိုက်သဖြင့် စိန်ကြယ်နှင်းမှု န် တိမ်လွှာကြားတွင် နှင်းဆီပန်းများ လွင့်မျောနေသယောင် အိပ်မက်ဆန်ဆန်ရသကို ခံစားရကြသည်။ ဆယ်ယောက် တစ်ဝိုင်းစားပွဲများ တွင် ရွှေအိုရောင် ၊ ရွှေဖလားရောင် ၊ ဒစ္စကိုရွှေရောင် နိုင်ငံခြား ဖြစ် ပိတ်စများ ခင်းထားပြီးနှင်းဆီပန်းအိုးများ အောက်တွင် အသည်းပုံမှန်များ ကို မသိမသာထောင်ထား သကဲ့သို့ သတို့သားနှင့် သတို့သမီးများ ၏ ကြိုတင်ရိုက်ထားသော ဓာတ်ပုံများ ကို နှင်းဆီပန်းများ ကြားတွင် ကပ်ထားသဖြင့် မသိလျှင် နှင်းဆီပွင့်ကြားမှ သတို့သားနှင့် သတို့သမီးစုံတွဲ ထွက်လာ သယောင် ဖန်တီးထားသည်။

ခန်းမတွင် းသို့ ပရိသတ်များ တဖြည်းဖြည်းဝင်ရောက်လာသဖြင့် ခန်းမကြီးမှာ လှုပ်ရှား သက်ဝင်လာပြီး ကျက်သရေပို၍ ပို၍ တိုး၍ လာသည်။ အိပ်မက်ဆန်သော မင်္ဂလာခန်းမကြီးသည် တဖြည်းဖြည်းလှုပ်ရှား၍ လာသည်။

ပတ္တမြားရောင် ၊ စိန်ရောင် ၊ နီလာပုလဲရောင် များ သည်လည်း မီးရောင် များ အောက်တွင် မျက်စိ ကျိန်းစပ်လောက်အောင် ဝင်းခနဲ လက်ခနဲ တဖျတ်ဖျတ်တောက်ပ၍ နေသည်။ ဝတ်ဆင်လာသော လက်ဝတ်ရတနာဒီဇိုင်းများ ကလည်း စုံလင်လှသည်။ ခေတ်အမျိုး သမီးငယ်များ က စကတ်တို၊ စကတ်ရှည်၊ ဂျင်းစကတ်၊ ချိန်စကတ်၊ ဂါဝန်တို၊ ဂါဝန်ရှည်၊ ဂါဝန်ပွ၊ ဂါဝန်ကွဲ၊ ဂါဝန်ဖွာ၊ ဂါဝန်လန်၊ စတော် ကင်ကိုယ်ကျပ်များ ဖြင့် ဆယ်ကျော်သက်တို့၏ ခေတ်လွန်ဒီဇိုင်းများ က လန်းလန်းထနေပြီး အပြတ် မိုက်နေကြသည်။ အမျိုး သားလူငယ်များ ကလည်း ကိုရီးယားစတိုင် အလန်းဇယား ဒီဇိုင်းများ ဖြင့် လမ်းသလားနေကြသည်။

မမအရွယ်၊ အန်တီအရွယ်၊ အရွယ်တော် တစ်ဆိတ်ဟိုင်းတွေ ကလည်း ဆံထုံးပုံစံအမျိုး မျိုး ၊ ကိုရီးယားစတိုင်၊ ဂျပန်စတိုင်၊ တရုတ်စတိုင်၊ အိန္ဒိယစတိုင်အပြင် နီဂိရိုးစတိုင်၊ မွန်ရိုးစတိုင် စသည်ဖြင့် မိမိအသက်အရွယ်နှင့် လိုက်မည် ထင်သော ဟဲယားစတိုင်ဖက်ရှင် ဒီဇိုင်းတို့ဖြင့် ကြော့ကြော့မော့မော့ လေးနှင့် အခန်းတွင် းသို့ ကြွေ့ရရဖြင့် ဝင်ရောက်လာကြသည်။

အတွင် းစားပွဲဝိုင်းတွင် ဗွီအိုင်ပီ(၄)ဝိုင်းချန်လှပ်ထားပြီး ကျန်ဝိုင်းများ တွင်

အသီးသီးနေရာယူ ထားကြသည်။ ခန်းမအပြင်ဘက်ဝိုင်းများ တွင် လည်း လူများ ပြည့်နက်၍ နေလေပြီ၊ အပြင်မှဧည့်သည် များ မှာ ခန်းမတွင် းရှိ ပုံရိပ်များ ကို တိုက်ရိုက်မမြင်ရသဖြင့် မြင်နိုင်ရန် ပရိုဂျက်တာများ စွာ ကို ခန်းမ ပြင်ပတွင် တပ်ဆင်ပေးထားသည်။ လေအေးစက်တပ်ထားသော် လည်း တဖြည်းဖြည်းအိုက်စပ်၍ လာသည်။

စားပွဲဝိုင်း(၁၀)တွင် အမျိုး သမီးကြီး ဆယ်ဦးနေရာယူထားကြသည်။ အမျိုး သမီးတိုင်းလိုလို တစ်ကိုယ်လုံး စိန်သီးထားကြသဖြင့် စိန်သစ်ပင်များ ဖြစ်နေကြသည်။ မြွေမြွေချင်းခြေမြင်ကြသည်မို့ စိန်နားကပ်ကို ကြည့်လိုက်သည်နှင့် တစ်ပွင်ပန်နားကပ်၊ ခြယ်နားကပ်များ သည် တန်ဖိုးမည် မျှရှိသည်ကို အချင်းချင်းသိနေကြသည်။ မသိမသာအကဲခတ်နေကြသည်။ ၎င်းတို့ထဲတွင် လုပ်ငန်းရှင် အမျိုး သမီး၏ တစ်ပွင့်နားကပ်တစ်ဖက်သည် သိန်းတစ်ထောင်ခန့်ရှိပြီး လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်နှင့် ဆံထိုးသည် တစ်ပွင့်စိန်ကို ပလက်တီနမ်များ ဖြင့် လက်စွမ်းပြထားသဖြင့် စိန်သီးနေသော သူမတစ်ကိုယ်လုံးတွင် စိန်တန်ဖိုးချည်းပင် သိန်းပေါင်း တစ်သော င်းခန့် တန်ဖိုးရှိကြောင်း သိနေကြသဖြင့် အားကျသော မျက်ဝန်းများ ဖြင့် ဝိုင်း၍ ကြည့်နေကြသည်။ ပြီးမှ တစ်ဦးက ...

"မမရဲ့ စိန်တွေ က အရမ်းလှတာပဲနော်၊ ဒီစိန်တွေ က ဘယ်ကဝယ်လာသလဲဟင်"

"ဩော်... ဒီစိန်တွေ ကလား၊ သားနဲ့သမီးက အမေရိကားကနေ ပို့လိုက်တာလေ၊ ဘယ်လ်ဂျီယံစိန်တွေ ပါ၊ မမက ဘယ်လ်ဂျီယံစိန်အသန့်မှ သုံးတာကို သားတို့ သိတယ်လေ၊ ဒါတောင် သားမောင်က ဒီထက်ကောင်းတဲ့ စိတ်တွေ ပို့ပေးဦးမယ်တဲ့၊ မမကတားထားလို့၊ တော် ပြီလေ အသက်ကကြီးလာတော့ အလှအပတွေ လည်း စိတ်မဝင်စားတော့ပါဘူး၊ ဘုရားတရား ဘက်ကိုလှည့်ရဦးမယ်လေ၊ ဒါကတစ်လုံးပန်မို့ မမပန်တာပါ၊ ခြယ်နဲ့ဆိုရင်မမက မလိုက်ဘူး၊ ဒီလို တစ်လုံးပန်ကိုဝတ်ပြီးရင် ခြယ်တွေ က လုံးဝကြည့်လို့မရတော့ဘူး" မမက မိမိအားစူးစိုက်နေကြမှန်း သိသဖြင့်

"ဩော်... ကြုံလို့ပြောရဦးမယ် ခုမမကိုင်ထားတဲ့လက်ကိုင်အိတ်က ရွှေ(၁၅)ကျပ်သားနဲ့ စိန်အလုံး(၃၀၀) နဲ့ သမာဓိရွှေဆိုင်ကနေ အော်ဒါမှာ ထားတာ၊

ဆိုင်ကပြောတယ် ရွှေအစစ်နဲ့ ပိုက်ဆံဆိတ်သာမှာ ကြိတာပါတဲ့၊ ခုလို စိန်စီပြီးအော်ဒါအပ်တာ မြန်မာပြည်မှာ မမ တစ်ယောက် ပဲရှိ တယ်တဲ့လေ၊ ဟင်း ဟင်း ပြောတတ်လိုက်တာ သမာဓိက”

မမအခေါ်ခံရသူက သဘောကျစွာ နှင့် မိမိရှေ့ရှိအသည်းပုံ မှန်ချပ်တွင် ပေါ်နေသော မိမိရုပ်အား အငမ်းမရကြည့်နေသဖြင့် ကျန်သော သူများ ပြုံး စိစိ ဖြစ်သွားကြသည်။

တစ်ချို့က မိမိတို့၏ စိန်နားကပ်များ ကို အများ မြင်ရန် ဘယ်ညာမသိမသာလှည့်၍ လည်းကောင်း၊ လက်စွပ်၊ လက်ကောက်များ မှ စိန်ကိုမြင်ရန်အတွက် လက်ကိုစားပွဲပေါ်တင်လိုက်၊ ပိုက်ဆံအိတ်ကို ကိုင်လိုက်၊ ဆံပင်ကိုသပ်လိုက် စသော အပြုအမူများ ကို မသိမသာပြုလုပ်နေကြ သဖြင့် အထာသိသော ဝိတ်တာများ က ပြုံး ချင်ချင် ဖြစ်၍ နေသည်။

ဟော… ပြောရင်းဆိုရင်း ပေါင် ၂၀၀ ခန့်ရှိသော အမျိုး သမီးတစ်ဦး ဝင်ရောက်လာပြီး စားပွဲ နံပါတ်(၉) တွင် နေရာယူလိုက်သည်။ ချက်ချင်း မထိုင်သေးပဲ ခြုံ ပဝါကို ကျကျနန ဖြန့်ကားပြီးမှ ဝဲယာ သို့ လှည့်ကြည့်ပြီးမှ ဖြည်းဖြည်းချင်းထိုင်ချလိုက်သည်။ ဘေးနားမှ အမျိုး သမီးငယ်တစ်ဦးက မမဝဝကြီးကို ကြည့်ပြီး ပြုံးရွှင်စွာ ဖြင့် ထိုအမျိုး သမီး၏ အနားသို့ ကပ်ပြီး …

“မမမြတို့ကလေ ဘယ်အချိန်ကြည့်ကြည့် ကြည့်လိုက်ရင်အမြဲတမ်းလှလို့ ဝလို့ ကျက်သရေ ကိုရှိလို့”

“ဟဲ… ဝလို့လှတာပဲရှိတာလေ၊ ပိန်လို့လှတာမှမရှိတာ၊ ဒါကြောင့် မမမြက ဝိတ်မကျအောင် အမြဲထိန်းထားရတာ ၊ မြန်မာမိန်းကလေးဆိုတာ အကွေ့အကောက်ရှိမှ လှတာလေ ဟင်း ဟင်း”

“ဒါနဲ့ မမမြပုဝါက ရွှေအစစ်နဲ့ပါလား” မမမြက မျက်စောင်းလှလှလေး လှမ်းထိုးလိုက်ရင်း …

"ဟဲ့... နင့်စကားကဘာလဲ၊ ဒါရွှေ(၂၀)ကျပ်သားကို နန်းဆွဲပြီးရက်ထားတာ၊ စိန်အပွင့် (ဆယ်လုံးစီ)၊ ငါးရာပတယ်လေ၊ ကိုကြီးက မွေးနေ့မှာ လက်ဆောင်ပေးထားတာလေ၊ မြကမလိုချင် ပါဘူး၊ ကိုကြီးကိုအားနာလို့လေ" မြမြကဝဲယာကို ကြည့်ပြီး မျက်လုံးလေဝင့်ကာ ပြောလိုက်သည်။

"ဒါနဲ့ မြမြရယ် ဒီရွှေပဝါကြီးကို ခြုံရတာ မလေးဘူးလား"

"အိုး... ရွှေတဘက်ခြုံလို့လေးတယ်လို့ မကြားဖူးပါဘူး၊ ဒါ ပေါ့လေ မခြုံဘူးတဲ့သူက ဘယ်သိပ့်မလဲ ဟင်း ဟင်း" မြမြကို အမွှမ်းတင်နေသော သူမှာ မျက်မှောင်ကလေး ကုပ်သွားပြီး ဘေးဝဲယာကို လှည့်ကြည့်လိုက်ရာ မိမိတို့၏ စားပွဲဝိုင်းကို လှမ်းကြည့်နေသော စားပွဲ(၁၀) မှ အမျိုး သမီးများ သည် တစ်ပြိုင်တည်း တစ်ဖက် မျက်နှာလွှဲလိုက်ကြသည်ကို တွေ့မြင်လိုက်သည်။

ဘေးကအမျိုး သမီးတစ်ဦးက ...

"မမမြရဲ့ ထဘီက အရမ်းလှတာပဲနော်၊ ဒီအဆင်ဆန်းမျိုး တွေ့ဖူးသလိုလိုပဲ"

"တွေ့ဖူးရုံတင်ဘယ်ကမလဲကွယ်၊ ဒီထဘီတွေ့တိုင်း စိတ်နာလို့ ခုမှ ထုတ်ဝတ်ဖြစ်တာ"

"ရှင်... မမမြကလည်း ထဘီကိုပဲ စိတ်နာရတယ်လို့ရှိသေး"

"အေး... မိတင်ရေ ညည်းပြောလို့ ထဘီသမိုင်းကြောင်းပြောရဦးမယ်၊ ငါ့ယောက်ျားကြီးကြီးမာစတာ ဖြစ်တဲ့အချိန်ကပေါ့၊ နိုင်ငံတော် အခမ်းအနားတစ်ခု ညစာစားပွဲမှာ တက်ဖို့အတွက် ဟောဒီချိတ်ကို ရက်ခဲ့တယ်လေ၊ ရွှေချည်အစစ်နဲ့ရက်တာ၊ ရွှေကိုနန်းဆွဲပြီးမှ ရက်တယ်၊ သိန်း (၆၀) ကုန်သွားတယ်"

"ဟင်.. ဒီထဘီဟာ သိန်းခြောက်ဆယ်ဟုတ်လား"

"ဘာလဲ... မယုံလို့လား" မြမြကပြူး နေသော မျက်လုံးကို နဂိုထက် ပြူး ပြလိုက်သဖြင့် ...

"ဘာလို့ မယုံရမှာ လဲ မမမြရယ်၊ မမမြတို့က ချမ်းသာတဲ့သူတွေ ပဲဟာ" မိတင်က ပြုံး ၍ ပြောလိုက်သည်။

"အေး... မိတင်တို့က နားလည်တတ်တယ်လေ၊ ငါကချိတ်ထဘီရက်တဲ့ဆိုက်ကို ပြောထားတယ်၊ ဒီထမီဆင်ကို ငါဒီဇိုင်းပေးထားတာဆိုတော့ နောက်ဘယ်သူ့ကိုမှ မရက်ပေးနဲ့လို့ ပြောထားရက်နဲ့ ဆိုင်ရှင်က သစ္စာဖောက်တယ်လေ"

"ဘယ်လို သစ္စာဖောက်တာလဲ... ဟင်"

"အေး... ငါလည်း ဒီအနီရောင် နဲ့ အဝါရောင် ဖောက်ထားတဲ့ထဘီကို ဝတ်ပြီး အခမ်းအနားတစ်ခုကို သွားတက်တာပေါ့၊ အဲဒီ တုန်းက ခုလိုဘယ်ဝဦးမလဲ၊ ဒေစီကျော်ဝင်းတို့လို ကိုယ်လုံးမျိုး ပေါ့၊ ဟော ... လူကြီးနဲ့သူ့ကတော် ကြွလာမယ်ဆိုတော့ ငါလည်း ငါ့ယောက်ျားနဲ့ အတူ ကြိုမယ်လုပ်တော့ လူကြီးပီအေထင်ပါရဲ့ ၊ ငါ့ယောက်ျားကို တိုးတိုးနဲ့ပြောနေတာကို တွေ့လိုက်တယ်၊ ငါ့ယောက်ျားလည်း မျက်စိမျက်နှာပျက်လို့ပေါ့အေ ... ဒါနဲ့ ငါ့ယောက်ျားကို ငါမေးလိုက်တယ် ဘာ ဖြစ်လို့လဲပေါ့၊ ငါ့ ယောက်ျားက မိန်းမရေစိတ်လျှော့ထားနော်၊ ဒေါသမထွက်နဲ့ နော်ဆိုတော့ ရုတ်တရက်ငါ အံ့အားသင့်သွားတယ်၊ ဘာကြောင့် လဲပေါ့၊ ငါ့ယောက်ျားက ငါ့စိတ်ကိုသိတယ်လေ၊ တခြားစားပွဲဝိုင်းက ကတော် တွေ ကလည်း ငါ့ကို ကွက်ကြည့် ကြည့်နေကြတော့ ငါ့မှာ လည်းစိတ်ထဲက သို့ လောသို့ လောနဲ့၊ မသိုးမသန့်နဲ့၊ မလုံတလုံလို ခံစားနေရတယ်။ ပြီးမှ ယောက်ျားကို ပြောမှာ သာပြောစမ်းပါ၊ ကျွန်မ အလွယ်တကူ စိတ်မဆိုးတတ်ပါဘူး ဆိုတော့ ယောက်ျားက ဘာပြောသလဲထင်လဲ"

"မင်းဝတ်လာတဲ့ထဘီက ဘူကြီးကတော် ရဲ့ ထဘီနဲ့ အရောင် ရော အဆင်ရော အရည်အသွေး အားလုံးတူတဲ့အတွက် လူကြီးကတော် က စိတ်ငြိုငြင်သွားမှာ စိုးတဲ့အတွက် လူကြီးကို ထွက်မကြိုပါနဲ့၊ ကိုယ့်စားပွဲမှာ ပဲကိုယ် ထိုင်ပါတဲ့၊ ကြည့်စမ်း ကြည့်စမ်း၊ အသည်းနာလိုက်တာ ... တနုံ့နုံ့ခံစားရတယ်၊ ပြီးဒေါသထွက်လိုက်တာမှ တက်မတက်ပဲ၊ ငါ့ယောက်ျား သိက္ခာကို ငဲ့လို့သာပေါ့၊ ငါ့မှာ လေ ကတုန်ကယင်နဲ့ ထိုင်လိုက်ရတယ်၊ ဏာန္ဓေကို မနည်းကြီး ထိန်းလိုက်ရတယ်၊ မျက်လုံးတွေ လည်းပြာသွားပြီးဒေါသ

အလိပ်လိပ်တက်လာတယ်။ ပထမ ဒေါသထွက်တာက ချိတ်ဆင်၊ ပြီးငါ့ပိုက်ဆံ၊ ငါ့မိဘ ပိုက်ဆံ၊ ငါ့ယောက်ျားက ရာထူးသာရှိတာ၊ သူရတဲ့ လစာက ဆီဖိုးတောင်မလောက်ဘူး၊ ငါ့ဟာနဲ့ ငါ့ပိုက်ဆံနဲ့ငါ ဝယ်ထားတဲ့ထဘီနော်၊ နည်းနည်း နောနောမဟုတ်ဘူးနော်၊ သိန်း(၆၀)တန်တဲ့ထဘီ၊ ပြီးငါ့ကို ဝိုင်းကြည့်တဲ့သူတွေ က ငါ့ကို သနားသလိုလို၊ အားနာသလိုလို၊ သရော်နေသလိုလိုနဲ့ ငါ့မှာ လေ ပရိသတ်ကြားမှာ မနည်းကြီးကို ဣန္ဒြေဆည်လိုက်ရတယ်၊ လူကြီးကတော် နဲ့ ထဘီအဆင်မတူရဘူးလို့ ဘယ်ပုဒ်မ ဥပဒေက တပ်ထား လို့လဲ၊ အဲဒီ လာပြောတဲ့ ပီအေရဲ့ ပါးကို ဘယ်ပြန်ညာပြန်ရိုက်လိုက်ချင်တယ်၊ ခုတွေ းလိုက်တိုင်း ဒေါသက ဖြစ် ဖြစ်လာတယ်” မြမြ ဆိုသူ အမျိုး သမီးမှာ မောသွားဟန်ဖြင့် ရှေ့မှ ရေတစ်ခွက်ကို သောက်လိုက်သည်။

“ဒါဆို… ဘာကြောင့် ဒီပွဲမှာ ဝတ်လာရတာ လဲ”

“ဟဲ့… ခေတ် ပြောင်းသွား ပြီ၊ ခေတ် ပြောင်းသွား ပြီ၊ ငါက ချစ်မင်းသူရရဲ့ ပရိသတ်၊ ပြီးသူ့ အဖေအမေနဲ့ငါက ကျောင်းနေဖက်လေ မလာလို့ ဖြစ်ပါ့မလား ဒီပွဲကြီးကို”

ဘေးမှနားထောင်နေကြသော သူများ က ခေါင်းတဆတ်ဆတ်ညိတ်ကြသဖြင့် ဒေါ်မြမြမှာ ဝမ်းသာအားရဖြင့် ဘေးဝဲယာသို့ ကြည့်ပြီး လှမ်း၍ ပြုံး ပြလိုက်သည်။ ဘေးမှ ဗီဒီယိုကင်မရာမင်းများ ကလည်း တဖျတ်ဖျတ်ရိုက်လျက် မှတ်တမ်းတင်နေကြသည်။

နောက်တန်းရှိခုံဝိုင်းများ နှင့် အခန်းအပြင်ဘက်ရှိအရန်စားပွဲဝိုင်းမှ ဝန်ထမ်းမမများ ၏ ခံစားချက် များ က တစ်မျိုး …

“ညွှန်ချုပ်သမီးမင်္ဂလာဆောင်တယ်ဆိုတော့ စုပေါင်းထည့်ရတယ်လေ၊ ရှိတဲ့ လစာ လေးတောင်ပြောင်တယ်၊ အခုလာတာတောင်မှ ဖယ်ရီ မမီလို့ တက္ကစီငှားလာခဲ့ရတာ ”

“ဟုတ်တယ် ကိုယ့်ညွှန်ချုပ်သမီးမို့ မလာရင်လည်း ငြိုငြင်သွားမှာ စိုးရသေးတယ်၊ ပြီး မကင်းကြဘူးလေ” ပြီး နဖူးမှ ချွေးကိုသုတ်ပြီး အပေါစား မိတ်ကပ်ဖြင့် ဖို့နေသူတစ်ဦးက …

“ဟုတ်တယ် ဆီဒိုးနားမှာ မင်္ဂလာဆောင်မယ်ဆိုတော့တော် ရုံ

ဝတ်လို့မရဘူးလေ”

“ညည်းကြည့် ... လာတဲ့သူစားတာကနည်းနည်း ၊ ပြီးရင်တချို့ က ပြောင်းပဲပြန်သယ်သွား ကြတယ်၊ မုန့်တွေ ကိတ်တွေ က အများ ကြီးကျန်တယ်”

“ဟုတ်တယ်နော် နှမြောစရာကြီး” တိုးတိုးတိတ်တိတ်နှင့် ရင်ဖွင့်သူတို့၏ အသံ။

ထိုအချိန်တွင် အနက်ရောင် ဇာဝတ်ဆင်ထားသော အမျိုး သမီးတစ်ဦး စင်ပေါ်သို့ တက်လာပြီး ခေတ်ပေါ်သီချင်းတစ်ပုဒ်ကို မြူး မြူး ကြွကြွ သီဆို၍ နေသည်။ ရှေ့တွင် မပေါ်ပေါ်အောင်ဖော်ထားသော အကျီအောက်မှ ရင်သားက ခုန်လိုက်တိုင်းလှုနှင့် အတူ လှုပ်ရှား၍ နေသည်။

“ခေတ်ကာလသမီးများ အရှက်နည်းလိုက်တာနော်၊ ကြည့်စမ်းတစ်ခါတည်း ထွက်ကျလာ တော့မယ့်အတိုင်းပဲ အရှက်မဲ့လိုက်တာ၊ စကတ်ကလည်း၊ ဂိတ်ဆုံးထိရောက်နေတယ်၊ ကျောပြင် ကလည်းဟပြဲ၊ တက်တူးတောင် ထိုးထားသေးတယ်၊ စကတ်ကလည်းအကွဲ၊ အတွင်း းခံဘောင်းဘီတောင် ကွင်းကွင်းကွက်ကွက် လှမ်းမြင်နေရတယ်၊ အရှက်ကလည်းနည်းပဲ့၊ ဘယ်လိုမိန်းမ တွေ ပါလိမ့်”

“ဒါဩ့ကြို့သီချင်းဆိုနေတာလေ၊ သတို့သား သတို့သမီးတွေ လာမှ မြန်မာဆန်ဆန်ဝတ်ဆုံနဲ့ ဆိုမှာ ပါ၊ မလောပါနဲ့” ထိုသို့ အန်တီမမတို့တစ်သိုက်က ကဲ့ရဲ့ နေချိန်တွင် ဆံပင်ဝါကြား၊ ဝါပြတ်၊ ဝါကောက်ရောင် စုံ၊ စသော ပုံသဏ္ဍာန်စုံ၊ ထိုးထိုးထောင်ထောင် နာနတ်သီးပုံ၊ ဒူးရင်းသီးပုံ၊ ပြောင်းဖူး ပုံအရောင် စုံဆိုးထားသော ခေတ်လူငယ်တစ်သိုက်က ...

“ဟာ... နယူးလေးပါလား၊ ပါးရှပ်ရှပ်လေးနဲ့၊ လှစ်လှစ်ကလေးနဲ့”

“ဟီး ... တကယ်မိုက်တယ်ကွာ၊ ကွေ့ကောက်နေတာပဲ၊ ကောက်ကြောင်းလေးကလည်း ရှင်းနေတာပဲ၊ ရမ်းတဲ့နေရာရမ်း၊ ခါတဲ့နေရာခါနဲ့၊ သူကဘူလေးလဲဟင်”

"မင်းကမမိုက်ပါဘူးကွာ၊ ဘူလေးလဲဆိုတာ မင်းမသိဘူးလား၊ သူက ခုတက်သစ်စ Up to Date အဆိုတော် (Red Sweet) လေ"

"ဪ... ဟုတ်ပြီ ဟုတ်ပြီ၊ (Red Sweet) ဆိုတာ သူလား၊ ဒါကြောင့် မောင်ချို ခိုက်လည်း ခိုက်စရာပဲ"

"ဘာလဲကွ...သူနဲ့မောင်ချိုနဲ့က ဘယ်လိုပတ်သက်လို့လဲ"

"ဟ... မင်းကဝေးပါ့ကွာ၊ မောင်ချိုက သူ့ရဲ့ စပွန်ဆာလေ၊ စပွန်ဆာ"

"ဪ ... အိုင်ဆီး၊ အိုင်ဆီး"

Rock အဆိုတော် အမျိုး သမီး (Red Sweet) ဆိုပြီးနောက် အမျိုး သားအဆိုတော် နှစ် ဦးထပ်မံ သီဆိုသည်။ ထိုအချိန်တွင် ပရိသတ်များ တစ်ဦးမျက်နှာတစ်ဦး ခေါင်းချင်း ဆိုင်လာကြသည်ကို တွေ့လိုက်ရသည်။

အအေးလွှတ်ထားသော မင်္ဂလာခန်းမကြီး၏ နောက်ဘက်တွင် သတို့သား၏ မိခင်နှင့် သတို့သမီး၏ မိခင်မှာ တွတ်ထိုးနေကြသည်။ သတို့သားနှင့် သတို့သမီးတို့၏ ဖခင်နှစ် ဦးမှာ လည်း မျက်စိမျက်နှာပျက်နေကြသည်။ ချစ်မင်းသူရကို ချစ်သော ပရိသတ်များ ကလည်း မင်္ဂလာခန်းမတွင် း သို့ ဝင်ရောက်လာမည့် ချစ်မင်းသူရတို့ စုံတွဲ ကို စောင့်စားနေကြသည်။

ဂျာနယ်ပေါင်းစုံမှ ဂျာနယ်လစ်များ ၊ အနုပညာနယ်ပယ်မှ အနုပညာရှင်များ ကလည်း ချစ်မင်းသူရအား အားပေးရန်အတွက် ရောက်ရှိနေယူထားကြပြီ ဖြစ်သည်။ ထိုအချိန်တွင် သတို့သမီး အလှပြင်ခန်း၌ ...

"စင်သီယာရယ် ငါတော့သေချင်တော့တာပဲ၊ နင့်သမီးက အခုထိ မရောက်သေးဘူးလား၊ ပရိသတ်လည်းစုံနေပြီ၊ အစ်ကိုလည်းဒေါသ အလိပ်လိပ်ထွက်နေပြီ၊ နင့်တို့ ဖုန်းမဆက် ကြည့်ဘူးလား" ဒေါက်တာမေဦးမြင့်၏ ငိုတော့မယောင်မျက်နှာလေးကြောင့်

"ငါဆက်ပါတယ်၊ ဖုန်းပိတ်ထားလို့ ဒုက္ခပါပဲ၊ ဒီကလေးမ ဒါမျိုး တစ်ခါမှ မ

ဖြစ်ဖူးပါဘူး၊ အလွန် တိကျတဲ့မိန်းမ၊ ပြီး အလှပြင်ဆိုင်ကနေ ထွက်သွားတာကြာပြီတဲ့”

အမျိုး သမီးနှစ်ဦး ဖုန်းနှစ်လုံးနှင့် အလုပ်ရှုပ်နေချိန်တွင် ရဲရင့်သူရက ချစ်မင်းသူရကို ခေါ်ပြီး ...

“သား... မင်းတို့ဟာက ဘယ်လိုကြီးလဲကွာ၊ အလှပြင်ရင်လည်း ဟိုတယ်မှာ ရှိတဲ့အခန်းမှာ ပြင်ဖို့ မင်းမာမီကပြောထားပြီးသား မဟုတ်လား။ ကဲ မေချိုက ခုဘယ်မှာ သွားပြင်နေတာလဲ”

“သားလည်းပြောတာပဲဒယ်ဒီ၊ သူ့ သူငယ်ချင်းတင်တင်က သူ့စိတ်ကြိုက်ပြင်ပေးချင်ပါတယ် ဆိုပြီးခေါ်ထားတာ၊ ပြီး သန်းဒါးလည်း ပါတယ်ဆိုတော့ သူတို့ စိတ်ကြိုက်ပြင် ခိုင်းတာ”

“ဒေါက်တာ... ဒေါက်တာ... ဝန်ကြီးနှစ် ပါးလုံးရောက်နေပြီ”

“ဟေ... ဟုတ်လား” ဒေါက်တာရဲရင့်သူရမှာ အလှပြင်ခန်းမှ ထွက်ပြီး ဝန်ကြီးနှစ်ပါးအား ထွက်၍ ပြုံးရွှင်စွာ ဧည့်ခံ၍ နေသည်။ ပရိသတ်များ ၏ အသံသည် တစ်ယောက် တစ်ပေါက် ဖြစ်လာသည်။ ပရိသတ်များ အရှုံပြောင်းစေရန် သီချင်းများ ကိုလည်း တစ်ပုဒ်ပြီးတစ်ပုဒ် ထပ်မံပြီး ဖော်ဖြေ၍ နေသည်။ ခန်းမတွင် အသံများ ကျွတ်စိကျွတ်စိနှင့် ဆူညံ၍ လာသည်။

ချစ်မင်းသူရကို ချစ်ကြသော အေးမမအဖွဲ့ကလည်းရေခဲရုပ်တုများ ၊ မချစ်မင်းသူရ ဇနီးမောင်နှံ၏ ဗီနိုင်းပိုစတာရှေ့တွင် ပို့စ်အမျိုး မျိုး ဖြင့် ဓာတ်ပုံအရိုက်ခံ၍ နေကြသည်။

အချိန်က တဖြည်းဖြည်းကြာမြင့်လာသည်။ အလှပြင်ခန်းအတွင်း ၌တွင် မိဘနှစ်စုံမျက်နှာချင်း ဆိုင်မိကြသည်။

“ကဲ... ဒေါ်စင်သီယာ ခင်းဗျားသမီးက ဘာအချိုး ချိုး တာလဲ”

“ကိုရဲ ... အဲသလိုမပြောနဲ့လေ”

ရဲရင့်သူရက မေဦးအား လက်ပြပြီး

"ခု ကျုပ်တို့ အရက်ကွဲရတော့မယ်၊ ဘယ်နေယ့်ဗျာ အလှပြင်ဖို့အတွက် ဟောဒီအခန်းမှာ ပြင်မယ်လို့ ပြောထားပြီးပြီ၊ အပြင်မှာ ထွက်ပြင်ရတယ်လို့၊ ကဲ ခုဖုန်းဆက်လို့လည်းမရ၊ တင်တင်တို့ ဆိုင်မှာ လည်းမရှိ၊ ဘယ်ရောက်နေလဲ၊ ညွှန်ချုပ်ကြီးကိုလည်းအားနာပါတယ်"

"ကိုသူရ အပြစ်တင်ရင်လည်း ကျွန်မခံရရုံပေါ့ရှင့်၊ ကျွန်မလည်းကိုယ်ချင်းစာပါတယ်ရှင်၊ ကျွန်မ ဘယ်ကနေဘယ်လို ပြောရမှန်းကိုမသိတော့ပါဘူးရှင်"

နဂိုက စကားနည်းသူ စင်သီယာ၏ ခင်ပွန်းမှာ မည် သို့ မှ မပြောဘဲ တက်တစ်ခေါက်ခေါက် ဖြစ်၍ နေသည်။ နောက်ဆုံးမနေသာဘဲ ရဲရင့်သူရက သားဖြစ်သူအား မေးလိုက်သည်။

"ကဲ သား ချစ်မင်း မင်းအခုဘယ်လိုလုပ်ချင်သလဲ၊ ဘယ်လို ဖြစ်ချင်လဲပြော၊ အဖေတိုတော့ အရက်ဟက်တက်ကြီးကွဲပြီ၊ အဖေ ကတော့ ဘာမှ မပြောချင်ဘူး၊ မင်းဆုံးဖြတ်ချက်တစ်ခုတည်းပဲ၊ ကဲ မေဦးရေ ကိုယ့်ဝန်ကြီးနှစ် ပါးကို အခြေအနေတော့ တင်ပြရလိမ့်မယ်"

ဒေါက်တာမေဦးမြင့် မှာ မည် သို့ မှုမပြောတော့ဘဲ ဆိုဖာပေါ်တွင် ထိုင်လျက် ရှိုက်ကြီးတငင် ငို လေတော့သည်။ ပါးစပ်မှလည်း ...

"စင်သီယာရယ် ဒုက္ခပါပဲ၊ ခုဆိုကျန်းမာရေး ဝန်ကြီးနဲ့ ပြန်ကြားရေး ဝန်ကြီးကို ဘယ် မျက်နှာနဲ့ ပြရမှန်းကို မသိတော့ဘူး။ ဒီတစ်ခါပဲ သိက္ခာကျရတယ်လို့"

"မေဦးရယ် ကိုယ့်အမှား ပါကွယ်၊ ကိုယ့်သမီးရဲ့ ဆန္ဒကို ကိုယ်လိုက်မိလို့ပါ၊ ခွင့်လွှတ်ပါလို့ တော့မပြောပါဘူး၊ သူငယ်ချင်းခံစားနေရသလို ကိုယ်ခံစားနေရပါတယ်"

ချစ်မင်းသူရမှာ အံတကြိတ်ကြိတ် ဖြစ်၍ နေသည်။ ဒေါသကိုထိန်းချုပ်ထားပုံရသည်။ အပြင်မှ ပရိသတ်များ ကလည်း အလှပြင်ခန်းမှ ထွက်လာမည့် မောင်နှံအား စောင့်မျှော်နေကြသည်။

"သတို့သားနဲ့ သတို့သမီး ထွက်လာပါတော့မို့" လူငယ်များ အော်ဟစ်သံများ ...

"သတို့သမီးက မလာသေးဘူးတဲ့" "သတို့သမီးက ထွက်ပြေးသွားတယ်တဲ့"

"သတို့ သမီးက ကြိုက်လို့မဟုတ်ဘူးတဲ့" စသော စသော တီးတိုးအသံများ က ကျယ်လောက်၍ လာသည်။ ဂျာနယ်လစ်များ ကလည်း သတင်းဦး ရရှိရေး အတွက် သူ့ထက်ငါ အသည်းအသန် ကြိုး ပမ်းနေကြသည်။

ဝန်ကြီးနှစ် ပါးကလည်း ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။ ဒေါက်တာ ရဲရင့်သူရ၏ မျက်နှာ မှာ လည်း ပြုံတော့မည့် မိုးကဲ့သို့ မည်းမှောင်၍ နေသည်။ အအေးလွှတ်ထားသော အခန်းတွင် ထိုင်နေသော ပရိသတ်များ ၏ မျက်နှာတွင် လည်း အပြုံး များ တဖြည်းဖြည်းပျောက်၍ ဇောချွေးများ ပြန် နေကြသည်။ ပြည်သူချစ်သော ချစ်မင်းသူရအပေါ် စိတ်မကောင်းသည့်ပုံများ ပေါ်နေကြသည်။ စင်ပေါ်မှ ဖျော်ဖြေနေကြသူများ လည်း အခြေအနေကို ရိပ်စားမိဟန်တူပြီး ပို၍ မြူး ကြွသွက်လက်စွာ သီဆိုကခုန်နေကြသည်။

အချိန်သည် တဖြည်းဖြည်းနှင့် ကုန်ဆုံး၍ လာသည်။

"ရုတ်တရက်လက်ကိုင်ဖုန်း မြည် လာသဖြင့် ချစ်မင်းသူရက ဖုန်းကို လှမ်းကိုင်လိုက်သည်"

"အေး... ငါပဲပြော... ဘာ ... မိုင်တိုင်(၃၀)တောင် ရောက်နေပြီဟုတ်လား ... အေးအေး"

"တောက်" အသံမြည် ဟည်းစွာ တက်ခတ်လိုက်သော အသံကြောင့် ...

"သား... သား... ဘာ ဖြစ်တာလဲကွယ်၊ မာမီတို့ရင်တုန်လိုက်တာ"

"မာမီ... မေချို၊ သန်းဒါးနဲ့ အမျိုး သားတစ်ဦးကားနှစ် စီနဲ့ နေပြည်တော် အမြန်လမ်းကနေ အရှိန်နဲ့ နေပြည်တော် ဘက်ကိုမောင်းသွားတယ် လို့ကြားတယ်"

"အင်း... ဟိုယောက်ျားလျာ မသန်းဒါးဟုတ်လား... ဘုရား ဘုရား ငါ့သမီးကို

ခိုးသွား တာလားမသိဘူး၊ ကြားသားမိုးကြိုး အို… ဘုရားရေ အောင်မလေးနော်
ဒုက္ခတော့ရောက်ပါပြီ”

ချစ်မင်းသူရ မှာ သန်းဒါ ဆို၍ ယမန်ရက်များ က သန်းဒါး နှင့် ပြဿ နာ
ဖြစ်ခဲ့သည်ကို ပြန်လည် သတိရမိသည်။ ပြီး မိမိအား သန်းဒါး ပြောခဲ့သည့် စကားသံများ …

“ဘာ… ချစ်မင်း နင်ကငါ့ကို (Lesbian) တဲ့လား၊ အေး… ဟုတ်တယ် နင်မှတ်ထား
အဲဒီ (Lesbian) ကနင့်ရဲ့ ဇနီးလောင်းကို ရအောင်ယူပြမယ်၊ နင်မြဲမြဲမှတ်ထား”

“တောက်” ချစ်မင်းသူရ ၏ တက်ခေါက်သံကြောင့် အားလုံး၏ မျက်ဝန်းအစုံက
ချစ်မင်းသူရ ထံသို့ ဦးတည်သွားသည်။

“ကဲ… မထူးတော့ဘူးမာမီ၊ သားဒီမင်္ဂလာပွဲကို ဖျက်တယ်”

“သားရယ် ချစ်မင်း၊ စဉ်းစားပါဦးကွယ်၊ စင်သီယာရဲ့ မျက်နှာကိုလည်း
ထောက်ပါဦး”

“မထောက်နဲ့ မေဦး၊ နင်မို့ဒါလောက်သည်းခံတာ၊ အဲဒါနင့်သား
အပြစ်မဟုတ်ဘူး၊ ငါ့သမီး အပြစ်၊ နင်ကြိုက်သလိုသာလုပ်၊ ငါလက်ခံတယ်”

ဒေါ်စင်သီယာ မှာ ဒေါသကြောင့် မျက်ရည်ပေါက်ပေါက်ကျကာ နောက်ပေါက်မှ
ထွက်ခွာ သွားသည်။

“သားရယ် ချစ်မင်း၊ စိတ်လျှော့လိုက်ပါ၊ ပြဿ နာကို အလျင်စလို မဆုံးဖြတ်ပါနဲ့
မှာ းတတ်တယ်၊ မင်းဘဝအတွက်နော်”

“မတားပါနဲ့ မာမီရယ်၊ သားဘယ်လောက်အထိ ရှက်နေတယ်၊
ခံစားရတယ်ဆိုတာ မာမီ မသိပါဘူး၊ သားများရှိတဲ့ သိက္ခာတွေ ကုန်ရော။ အားလုံးကို
ရေထဲသွန်ချလိုက်သလိုပဲ၊ ခိုးသွားတဲ့ သူက “ယောကျ်ားလျာ” ဆိုတော့ သားမျက်နှာဘယ်လို
လုပ်ထားရမှာ လဲဗျာ”

ချစ်မင်းသူရ က အလှပြင်ခန်းမှထွက်၍ မင်္ဂလာစင်မြင့်ရှိရာသို့ တစ်လှမ်းချင်း

လျှောက်၍ လာသည်။ ထိုအချိန်တွင် ခန်းမတစ်ခုလုံးကို အမှောင်ချလိုက်ပြီး ချစ်မင်းးသူရ လျှောက်လှမ်း နေသည်ကို စပေါ့လိုက်ထိုးထား၍ မြင်းကွင်းမှာ ထင်းထင်း လင်းလင်းကြီး ဖြစ်၍ နေသည်။ လေငွေ့စက်များ မှ တ်ထုတ်ထားသဖြင့် တိမ်ငွေ့ တိမ်လွှာကြားတွင် မင်းသား တစ်ယောက် လမ်းလျှောက်နေသကဲ့သို့ ဖြစ်၍ နေသည်။ မျက်နှာကြက်ရှိ ဖန်ပန်းဆွဲမှ အလင်းကွက်များ သည် ချစ်မင်းသူ၏ မျက်နှာပေါ်တွင် အကွက်ရွှေ့၍ ကစားနေသည်။

အပြာနုရောင် မောင့်ကျက်သရေခေါင်းပေါင်း၊ အပြာရင့်ရောင် တောင်ရှည်ပုဆိုး၊ အပြာ ဖျော့ရောင် ပိုးတိုက်ပုံကို ဝတ်ဆင်ထားသော ချစ်မင်းသူရမှာ ဆလိုက်မီးများ ကြားတွင် လှပ၍ နေသည်။

“ဒီကနေ့ ကျွန်တော် ချစ်မင်းသူရရဲ့ မင်္ဂလာဧည့်ခံပွဲကို တက်ရောက်လာကြတဲ့ ကျွန်တော် ချစ်တဲ့၊ ကျွန်တော် ကိုချစ်တဲ့ ပရိသတ်အားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော် နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

အထူးသဖြင့် ကျွန်တော့် ကို မင်္ဂလာပန်းကုံး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးကြမယ့် ကျန်းမာရေး ဝန်ကြီးနဲ့ ပြန်ကြားရေး ဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒီပွဲကြီး ဖြစ်မြောက် ဖို့အတွက် ကြိုတင်စီစဉ် ဝိုင်းဝန်းကူညီကြတဲ့ နယ်ပယ်အသီးသီးက အနုပညာမောင်နှမများ မိတ်ဆွေသူငယ်ချင်းအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခု ကျွန်တော့ရဲ့ မင်္ဂလာပွဲမှာ သတို့သမီးကိုယ်၌ က တက်ရောက်နိုင်ခြင်း မရှိတဲ့အတွက် ကျွန်တော် များ စွာ အရှက်ကြီးရှက်ခဲ့ရပါတယ်။ ဝန်ကြီးနဲ့ တက်ရောက်လာကြတဲ့ ဧည့်ပရိသတ် အပေါင်းကိုလည်း အရမ်းကြီးကို အားနာပါတယ်။ တစ်ကယ်ကို အားနာပါတယ်ခင်ဗျာ”

ပရိသတ်ကြီးမှာ မီးကို ရေနှင့် ငြိမ်းသတ်သလို ငြိမ်ကျသွားပြီး စုတ်တသပ်သပ် ဖြစ်နေ ကြသည်။

“ဒါကြောင့် ဒီနေ့မင်္ဂလာပွဲကို ကျွန်တော် ကပဲ ဝမ်းနည်းစွာ ဖြင့်

ဖျက်သိမ်းလိုက်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ မေးမြန်းခြင်းကိုလည်း မလုပ်ကြပါနဲ့ နားလည်ပေးကြပါ၊ ခွင့်လွှတ်ပေး ကြပါခင်ဗျာ”

ပရိသတ်တစ်ချို့မှာ ငြိမ်သက်လျက်၊ တချို့မှာ သနားသော အကြည့်များ ဖြင့် ငေးငိုင်လျက်၊ တချို့မှာ သတို့သမီးအား ကျိန်ဆဲလျက် စသော စသော ပရိသတ်တို့၏ ခံစားချက်များ ကို ကင်မရာမင်း များ ကလည်း ရသည့်အခွင့်အရေး ကို လက်မလွှတ်ဘဲ တရစပ်ရိုက်ကူးနေကြသည်။

ချစ်မင်းသူရ ပြောရင်းပြောရင်း မျက်ရည်များ ကျလာသည်။ ဝမ်းနည်းမှု ကြောင့် ကျသော မျက်ရည်လား၊ ဒေါသကြောင့် ကျသော မျက်ရည်လား၊ အရှက်သိက္ခာကြောင့် ကျသော မျက်ရည်လား ဆိုသည်ကို ချစ်မင်းသူရ သာလျှင် သိပေလိမ့်မည် ။

“သနားလိုက်တာနော်” ဟူသော အသံများ က ပရိသတ်ကြားမှ ထွက်ပေါ်လာသကဲ့သို့ ငိုသံ ရှိုက်သံများ ကလည်း အလျှိုလျှိုထွက်ပေါ်လာသည်။

“သည်နေ့ ဖြစ်တဲ့ကိစ္စကို ကျွန်တော် ရိုက်ခဲ့တဲ့ ဇတ်ကားတွေ ထဲက ဇတ်လမ်းတစ်ပုဒ်လိုပဲ သဘောထားကြလိုက်ပါ။ ကျွန်တော့်ကိုလည်း ဆက်ပြီးအားပေးကြပါခင်ဗျာ”

ချစ်မင်းသူရက စင်ပေါ်မှနေပြီး ပရိသတ်အားလက်အုပ်ချီကန်တော့လိုက်ပြီး ခန်းမတွင် မှ အပြင်သို့ ပြေးထွက်သွားလေတော့သည်။

♥ ♥ ♥